


**ဥက္ကဋ္ဌ ဟင်နရီ ဘီ အိုင်ရင်းမှ**
ပထမဥက္ကဋ္ဌအဖွဲ့၏ပထမအတိုင်ပင်ခံ

# စစ်မှန်သောတပည့်တော်များဖြစ်လာခြင်း

ပွဲတော်မင်္ဂလာအစည်းအဝေးတိုင်းမှာ ကယ်တင်ရှင်ကိုအစဉ်သတိရဖို့နှင့် သူ၏ပညတ်တော်များကို စောင့်ထိန်းဖို့ ကောင်းကင်ဘုံရှင်အဖအားကတိပေးရတဲ့ အခွင့်ထူးကို ကျွန်တော်တို့ ရရှိတယ်။ ဒါကြောင့် သူ၏ဝိညာဉ်တော်သည် ကျွန်တော်တို့နှင့်အတူ ရှိနိုင်မှာဖြစ်တယ်။ (မော်ရိုနိုင်း ၄း၃၊ ၅း၂၊ ယုံကြည်ခံယူချက်နှင့် ပဋိညာဉ်ကျမ်း ၂၀း၇၇၊ ၇၉ ကိုကြည့်ပါ။)။ သူ၏နာမတော်ကိုကျွန်တော်တို့ ယူဆောင်တဲ့အခါ သူ့ကိုအောက်မေ့ခြင်းက ကျွန်တော်တို့ဆီအလိုလို အမြဲရောက်လာလိမ့်မယ်။ ကျွန်တော်တို့ထိုကဲ့သို့ နည်းလမ်းများစွာဖြင့်လုပ်ဆောင်ကြတယ်။ သို့သော် အထူးသဖြင့် သူ၏နာမဖြင့် အခြားသူများအားအစေခံတဲ့အခါ၊ သူ၏သန့်ရှင်းသော နှုတ်ကပတ်တော်များကို ဖတ်ရှုတဲ့အခါနှင့် ကျွန်တော်တို့ကိုသူဘာလုပ်စေချင်လဲဆိုတာ သိရန်ဆုတောင်းတဲ့ အခါမှာဖြစ်တယ်။

လူငယ်တစ်ယောက်ရဲ့နှစ်ခြင်းခံခြင်းကိုကျွန်တော်လုပ်ဆောင်ပေးခဲ့ရတဲ့ အချိန်မှာ ထိုသို့ဖြစ်ခဲ့တယ်။ ကယ်တင်ရှင်၏ဧဝံဂေလိတရားကိုသင်ကြားပေးရန်နှင့် ကယ်တင်ရှင်နှင့်သူ၏အသင်းတော်အားသက်သေခံပေးရန် ကယ်တင်ရှင်၏ ဘိသိတ်ပေးထားသော အစေခံအားဖြင့်ကျွန်တော့်ကို သာသနာပြုအဖြစ် တာဝန်ပေးအပ်တယ်ဆိုတာ ကျွန်တော်သိခဲ့ပါတယ်။ ကျွန်တော့်ရဲ့သာသနာပြုတွဲဖက်နှင့် ကျွန်တော်ဟာ ကယ်တင်ရှင်၌ယုံကြည်ခြင်းဖြင့်နောင်တရပြီး သူ၏အခွင့်အာဏာရ အစေခံတစ်ယောက်အားဖြင့်နှစ်ခြင်းခံတဲ့အခါ ယေရှုခရစ်တော်၏အပြစ်ဖြေခြင်း တန်ခိုးအားဖြင့် သူ့ကိုသန့်ရှင်းစေလိမ့်မယ်လို့ လူငယ်လေးကို ဂတိပေးခဲ့တယ်။

လူငယ်လေးကိုကျွန်တော်နှစ်ခြင်းကန်၏ရေထဲမှမတင်လိုက်တဲ့အခါ သူကကျွန်တော့်ရဲ့နားထဲမှာ "ကျွန်တော်သန့်ရှင်းပြီ။ ကျွန်တော်သန့်ရှင်းပြီ။"လို့ တိုးတိုးလေးပြောခဲ့တယ်။ ယော်ဒန်မြစ်မှာ နှစ်ခြင်းဆရာယောဟန်ပေးခဲ့တဲ့ ကယ်တင်ရှင်ရဲ့နှစ်ခြင်းခံခြင်းကို အဲ့ဒီအချိန်မှာ ကျွန်တော်သတိရခဲ့တယ်။ ဒါ့အပြင် ယောဟန်ပြခဲ့သလို သန့်ရှင်းသောဝိညာဉ်တော်တက်ရောက်တဲ့ ရှင်ပြန်ထမြောက်ပြီး အသက်ရှင်တဲ့ကယ်တင်ရှင်၏ ကယ်တင်ခြင်းအမှုတော်ကိုလုပ်ဆောင်ခဲ့တာကို ကျွန်တော်သတိရခဲ့တယ်။

ကျွန်တော်နှင့်ကျွန်တော်တို့တစ်ယောက်စီတိုင်းအတွက် ကယ်တင်ရှင်အား အောက်မေ့ခြင်းက သူနှင့်အတူရှိခဲ့သည့်အတွေ့အကြုံများနှင့် ကျွန်တော်တို့ရဲ့အသိပညာ အမှတ်ရနေမှုအပေါ် အားကိုးခြင်းထက်ပိုပါတယ်။ သူ၏မျက်မှောက်တော်နှင့် ပို၍နီးကပ်အောင် ကျွန်တော်တို့ကို ဆွဲယူနေသည့် ရွေးချယ်မှုများကို နေ့စဉ်ကျွန်တော်တို့ ပြုလုပ်နိုင်ပါတယ်။

အရိုးရှင်းဆုံးရွေးချယ်မှုက ကျမ်းစာများဖတ်ခြင်းဖြစ်နိုင်ပါတယ်။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် သူနှင့်နီးကပ်သည့်ခံစားချက်များကိုကျွန်တော်တို့တစ်ဖန် ရရှိနိုင်ပါတယ်။ ကျွန်တော်အတွက်ကတော့ ကျွန်တော်မှာမွန်ကျမ်းဖတ်တဲ့အခါမှာမကြာခဏ နီးကပ်မှုအများဆုံးဖြစ်လာပါတယ်။ ဒုတိယနီဖိုင်းအခန်းကြီးများကိုကျွန်တော်ဖတ်တဲ့ အစပိုင်းမိနစ်တွေမှာ ကယ်တင်ရှင်ကိုသူတို့ကိုယ်တိုင်သိကျွမ်းနေသကဲ့သို့ ပုံဖော်နေတဲ့

လီဟိုင်းနှင့်နီဖိုင်းရဲ့စကားသံများကို စိတ်ထဲမှာကျွန်တော်ကြားရတယ်။ နီးကပ်သည့်ခံစားချက်ရလာပါတယ်။

သင်အတွက်ကတော့ ကျမ်းစာထဲကအခြားနေရာများက အထူးသဖြင့်သင့်ကို သူနှင့်နီးကပ်အောင် ဆွဲယူနိုင်ပါတယ်။ သို့သော် ဘုရားသခင်၏နှုတ်ကပတ်တော်ကို နှိမ့်ချခြင်းနှင့်ကယ်တင်ရှင်အားအောက်မေ့သတိရရန် စစ်မှန်တဲ့ရည်ရွယ်ချက်ဖြင့် ဘယ်နေရာ၊ ဘယ်အချိန်ဘဲဖတ်ပါစေ သင့်ရဲ့နေ့စဉ်အသက်တာမှာ သူ၏နာမတော်ကို ယူဆောင်ဖို့သင့်ရဲ့စိတ်ဆန္ဒတိုးပွားလာမယ်။

ဘုရားသခင်၏အသင်းတော်မှာ သင်ထမ်းဆောင်တဲ့နည်းလမ်းကိုထိုစိတ်ဆန္ဒက ပြောင်းလဲပေးလိမ့်မယ်။ သေးငယ်တဲ့တာဝန်လို့သင်ထင်ရတာကိုတောင် ချဲ့ထွင်ရာတွင် အကူအညီအတွက် ကောင်းကင်ဘုံရှင်အဖထံ သင်ဆုတောင်းလိမ့်မယ်။ သင်တောင်းဆိုမည့်အကူအညီက အစေခံရန်ခေါ်ဆိုခံရသူများအတွက် ကယ်တင်ရှင်ရဲ့အလိုတော်ကိုပိုပြီး အာရုံစိုက်ကာ ကိုယ့်ကိုယ်ကိုမေ့လျော့ရန် စွမ်းဆောင်ရည်ဖြစ်လိမ့်မယ်။

ဧဝံဂေလိတရားသာလျှင် ယူဆောင်လာတဲ့ ငြိမ်းချမ်းခြင်းကိုရှာဖွေရာမှာ ကျွန်တော့်ရဲ့သားသမီးများကို ဘယ်လိုကူညီရမလဲဆိုတာသိရှိရန် ကျွန်တော်ဆုတောင်းတဲ့အခါ သူတို့ကိုထောက်ပံ့ပေးရာမှာ သူ့ရဲ့လွှမ်းမိုးမှုနဲ့ နီးကပ်မှုကိုကျွန်တော်ခံစားခဲ့ရတယ်။ ထိုကဲ့သို့သောအခိုက်အတန့်တွေမှာ အောင်မြင်တဲ့မိဘတစ်ယောက်အဖြစ်မြင်ခြင်းကို ကျွန်တော်ဂရုစိုက်မှုနည်းပါးပါတယ်။ သို့သော် ကျွန်တော့်သားသမီးများကောင်းစားရေးနှင့် အောင်မြင်ရေးကို ကျွန်တော်လေးလေးနက်နက်ဂရုစိုက်တယ်။

ကျွန်တော်တို့အစေခံသောသူများအား ကယ်တင်ရှင်သူတို့အားပေးမည့်အရာကို ပေးလိုသည့်စိတ်ဆန္ဒက

ယေရှုခရစ်တော်၏နာမဥ္စစ်မှန်စွာ ကောင်းကင်ဘုံရှင်အဖအား အသနားခံခြင်းဖြစ်တဲ့ ဆုတောင်းချက်များသို့ဦးဆောင်တယ်။ ကယ်တင်ရှင်၏ နာမတော်၌ သူ့အားယုံကြည်ခြင်းဖြင့် ကျွန်တော်တို့ထိုနည်းအတိုင်း ဆုတောင်းတဲ့အခါ အဖကအဖြေပေးတယ်။ ကျွန်တော်တို့ကို အားပေးရန်၊ နှစ်သိမ့်ပေးရန်နှင့် လမ်းပြပေးရန် သူဟာသန့်ရှင်းသောဝိညာဉ်တော်ကိုစေလွှတ်တယ်။ ဝိညာဉ်တော်ဟာကယ်တင်ရှင်ကို အမြဲသက်သေခံသောကြောင့် (နီဖိုင်း ၁၁း၃၂၊ ၃၆၊ ၂၈း၁၁၊ အီသာ ၁၂း၄၁ ကိုကြည့်ပါ။) ဘုရားသခင်ကို ကျွန်တော်တို့ရဲ့စိတ်နှလုံးအကြွင်းမဲ့၊ ဉာဏ်ရှိသမျှ၊ အစွမ်းသတ္တိရှိသမျှနှင့် ချစ်ဖို့ ကျွန်တော်တို့ရဲ့စွမ်းရည်တိုးလာမယ်။ (မာကု ၁၂း၃၀၊ လုကာ ၁၀း၂၇၊ ယုံကြည်ခံယူချက်နှင့် ပဋိညာဉ်ကျမ်း ၅၉း၅ ကိုကြည့်ပါ။)

ယခုလက်ရှိနှင့်နေ့စဉ်ရရှိသောကောင်းကြီးများကိုအောက်မေ့ခြင်းသည် သူ့အားကျွန်တော်တို့အစေခံ၊ သူ၏နှုတ်ကပတ်တော်ကိုသုံးဆောင်ပြီး သူ၏နာမတော်အားယုံကြည်ခြင်းဖြင့်ဆုတောင်းသည်နှင့်အမျှ ဖြည်းဖြည်းမှန်မှန် လာလိမ့်မယ်။ ဤအောက်မေ့ခြင်းက ဒီကမ္ဘာပေါ်ရှိသူ၏နိုင်ငံတော်နှင့် လာမည့်ခန်းနားထည်ဝါသောကမ္ဘာ၌ သူ၏အဖနှင့်အတူနောက်ပိုင်းတွင် သခင်ယေရှုခရစ်တော်၏စစ်မှန်သော တပည့်တော်များဖြစ်လာရန် ကျွန်တော်တို့ကို ပုံသွင်းလိမ့်မယ်။

---

## ဤသတင်းကောင်းမှသွန်သင်ချက်

ဥက္ကဋ္ဌ အိုင်ရင်းက ကယ်တင်ရှင်နှင့်ပို၍နီးကပ်အောင်ကျွန်တော်တို့ကို ဆွဲယူနေသည့် နေ့စဉ်ရွေးချယ်မှုများ ပြုလုပ်ခြင်းအားဖြင့် ကယ်တင်ရှင်အားအစဉ်အမြဲသတိရရန် ကျွန်တော်တို့ကိုအကြံပြုတယ်။ သင်သင်ကြားပေးသောသူများနှင့်အတူ သူ့အားအစဉ်အမြဲသတိရရန်ပဋိညာဉ်အဓိကအချက်များ (မော်ရိုနိုင်း ၄း၃၊ ယုံကြည်ခံယူချက်နှင့် ပဋိညာဉ်ကျမ်း ၂၀း၇၇၊ ၇၉ ကိုကြည့်ပါ။) ကိုဖော်ပြသည့် ပွဲတော်မင်္ဂလာဆုတောင်းချက်များကိုသင်ဖတ်နိုင်တယ်။ သင်သင်ကြားပေးသောသူများကို ကယ်တင်ရှင်အားသတိရရန် သူတို့နေ့စဉ်လုပ်ဆောင်နိုင်သည့်အရာများအား စာရင်းတွင်ရေးချရန် ဖိတ်ခေါ်ဖို့စဉ်းစားပါ။ အချင်းချင်း၏ကောင်းစားရေးနှင့် အောင်မြင်ရေးအတွက် ကောင်းကင်ဘုံရှင်အဖထံဆုတောင်းရန် သူတို့ကိုဖိတ်ခေါ်ဖို့ သင်စဉ်းစားနိုင်တယ်။ တူညီတဲ့အပြုအမူအတိုင်း သူတို့အတွက်ဆုတောင်းပေးရန် စဉ်းစားပါ။

## လူငယ်များ

### ဘုရားရှင်အားနေ့စဉ်အောက်မေ့ခြင်း

မိတ်ဆွေများ၊ အိမ်မှုကိစ္စများ၊ အိမ်စာ၊ TV စတဲ့ ကျွန်တော်တို့ရဲ့အာရုံစိုက်မှုကို တောင်းဆိုနေသည့်အရာများစွာရှိပါတယ်။ သို့သော် အပတ်တိုင်း ကောင်းကင်ဘုံရှင်အဖကို "[သူ၏သားတော် ယေရှုခရစ်တော်]အား ကျွန်တော်တို့ အစဉ်အမြဲသတိရမည်" လို့ ကျွန်တော်တို့ကတိပေးတယ်။ (ယုံကြည်ခံယူချက်နှင့် ပဋိညာဉ်ကျမ်း ၂၀း၇၉)

ဥက္ကဋ္ဌ အိုင်ရင်းက ကျွန်တော်တို့ ကယ်တင်ရှင်အားအောက်မေ့သတိရရန် ကျွန်တော်တို့ကို ကူညီပေးသည့် "နေ့စဉ်ရွေးချယ်မှုများပြုလုပ်"နိုင်တယ်လို့ပြောတယ်။ နေ့ရက်တိုင်း ကယ်တင်ရှင်အားပို၍အောက်မေ့သတိရရန် ဒီလမှာ ပန်းတိုင်တစ်ခု ပြုလုပ်ရန် စဉ်းစားပါ။ သင်ပြက္ခဒိန်တစ်ခုပြုလုပ်ပြီး သူနှင့်သင်၏ဆက်ဆံရေး တည်ဆောက်ရန်တစ်နေ့တစ်ခုပြုလုပ်ရန် ဝန်ခံနိုင်ပါတယ်။ ဥက္ကဋ္ဌ အိုင်ရင်းက ကျမ်းစာဖတ်ခြင်း၊ ယုံကြည်ခြင်းဖြင့်ဆုတောင်းခြင်းနှင့် ကယ်တင်ရှင်နှင့်အခြားသူများအား အစေခံခြင်းကဲ့သို့သောအရာများကို စာရင်းပြုစုတယ်။ နေ့စဉ်မှတ်တမ်းရေးခြင်း၊ ဘုရားကျောင်းအစည်းအဝေးများတက်ရောက်ခြင်း၊ အထွေထွေညီလာခံကို နားထောင်ခြင်း၊ ဗိမာန်တော်သွားခြင်း၊ ဓမ္မသီချင်းများသီဆိုခြင်းများဖြင့်လည်း စာရင်းစတင်ပါ။ နေ့စဉ်ကယ်တင်ရှင်အား ကျွန်တော်တို့အောက်မေ့သတိရတဲ့အခါ "ကောင်းကြီးများသည် ဖြည်းဖြည်းမှန်မှန်လာပြီး သခင်ယေရှုခရစ်တော်၏စစ်မှန်သော တပည့်တော်များဖြစ်လာရန်ကျွန်တော်တို့ကိုပုံသွင်းမယ်။"လို့ ဥက္ကဋ္ဌ အိုင်ရင်းက ကတိပေးတယ်။

## ကလေးများ

### ချစ်ခြင်းများစွာ

ကျွန်တော်တို့ကျမ်းစာဖတ် သို့မဟုတ် ဆုတောင်းတဲ့အခါ ကောင်းကင်ဘုံရှင်အဖနှင့် ယေရှုခရစ်တော်ကျွန်တော်တို့ကိုဘယ်လောက်ချစ်လဲဆိုတာကို ကျွန်တော်တို့ ခံစားနိုင်တယ်။ ကြီးတဲ့အသည်းပုံထဲမှာ အသည်းပုံလေးများဆွဲပါ။ သင်ဆုတောင်း သို့မဟုတ် ကျမ်းစာဖတ်တဲ့အခါတိုင်း အသည်းပုံတစ်ခုကိုအရောင်ခြယ်ပါ။ ကောင်းကင်ဘုံရှင်အဖနှင့် ယေရှုခရစ်တော်အားနီးကပ်စွာခံစားရန် သင်ဘာများ လုပ်နိုင်ပါသလဲ။

© ၂၀၁၇ မှတ်ပုံတင်ပြီးမူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန်ပြည်ထောင်စုတွင် ပုံနှိပ်ထုတ်ဝေသည်။ အင်္ဂလိပ်ဘာသာခွင့်ပြုချက်: ၆/၁၆၊ ဘာသာပြန်ခွင့်ပြုချက် ၆/၁၆၊ ၉၇၉၃၀ ၀၀၀ အားဘာသာပြန်ထားခြင်း။

# လမ်းလွဲသူများအားမေတ္တာဖြင့်ပွေ့ဖက်ခြင်း

ဒီအကြောင်းအရာကိုဆုတောင်းလေ့လာပြီး ဝေမျှရမယ့်အရာကိုသိဖို့ လမ်းညွှန်ချက်အတွက်ရှာဖွေပါ။ လူမှုသက်သာရေးအဖွဲ့ရဲ့ရည်ရွယ်ချက်ကို နားလည်ခြင်းက ဘုရားရဲ့သမီးများကို ထာဝရအသက်ကောင်းကြီး ရဖို့အတွက် မည်သို့ပြင်ဆင်ပေးမည်နည်း။

ယုံကြည်ခြင်း မိသားစု သက်သာခြင်း

“အမှန်တကယ်တော့ ပြည့်စုံတဲ့မိသားစုဆိုတာမရှိပါဘူး။” လို့ ပထမဥက္ကဋ္ဌအဖွဲ့၏ ဒုတိယအတိုင်ပင်ခံ ဥက္ကဋ္ဌ ဒီရတ်တာ အက်ဖ် ဥဒ္ဒေါ့ကပြောခဲ့တယ်။ “သင့်မိသားစုကြုံတွေ့နေရတဲ့ဘာပြဿနာမဆို၊ ၎င်းတို့ကိုဖြေရှင်းရန် သင်ပြုလုပ်ရမယ့်အရာက၊ အစနဲ့အဆုံးသတ်အဖြေဟာ ခရစ်တော်၏စင်ကြယ်သော ချစ်ခြင်းမေတ္တာဖြစ်တယ်။”၁

ဧဝံဂေလိတရားမှာပြည့်ပြည့်ဝဝမပါဝင်သော သူတွေအတွက် လူမှုသက်သာရေးအဖွဲ့၏ အထွေထွေ ဥက္ကဋ္ဌ ဟောင်း လင်ဒါ ကေ ဘာတွန်က “ကောင်းကင်ဘုံရှင်အဖဟာ သူ့ရဲ့သားသမီးအားလုံးကိုချစ်တယ်။ သူတို့ဘယ်နေရာမှာပဲဖြစ်ဖြစ် လမ်းကြောင်းမှန်ပေါ် သို့မဟုတ် လမ်းလွဲနေပါစေ သူတို့ကိုသူ့အိမ်ကိုပြန်စေချင်တယ်။”၂

“သင့်ရဲ့သားသမီးများဘယ်လမ်းပေါ်မှာ ရောက်နေပါစေ သင်သူတို့ကို စကားပြောဆိုတဲ့အခါ ပြစ်တင်ရှုတ်ချသည့်သဘောဖြင့် ဒေါသနှင့်ကြမ်းတမ်းစွာ မပြောပါနှင့်။” လို့ ဥက္ကဋ္ဌ ဂျိုးဇက် အက်ဖ် စမစ်(၁၈၃၈-၁၉၁၈)က သွန်သင်ခဲ့တယ်။ “သူတို့ကိုကြင်နာစွာပြောဆိုပါ။”၃

ခုနစ်ကျိပ်အဖွဲ့ဝင် အယ်လ်ဒါ ဘရန် အိတ်ချ် နေးလ်ဆန်က ငွေဒင်္ဂါး၁၀ပြားရှိပြီး တစ်ပြားပျောက်သွားသူအား ကယ်တင်ရှင်၏ညွှန်ကြားချက်ကိုထပ်တလဲလဲ ပြောကြားခဲ့တယ်။ “သင်တွေ့တဲ့အထိရှာပါ။ ပျောက်ဆုံးတဲ့သူဟာ သင့်ရဲ့သား သို့မဟုတ် သင့်ရဲ့သမီး၊ သင့်ရဲ့ညီအစ်ကို သို့မဟုတ် သင့်ရဲ့ညီအစ်မ ဖြစ်တဲ့အခါ နောက်ဆုံးတော့ ကျွန်တော်တို့ လုပ်နိုင်တာက ကျွန်တော်တို့နှလုံးသားအကြွင်းမဲ့ထိုသူကို ချစ်တယ်။

“ကျွန်တော်တို့ဘဝထဲမှ ပျောက်ဆုံးသောသူများကို ဘယ်လိုအကောင်းဆုံး ကူညီနိုင်မလဲဆိုတာသိရန်နှင့် လိုအပ်တဲ့အခါ ကျွန်တော်တို့ပျောက်သောသားကို စောင့်မျှော်၊ ကြည့်ရှု၊ ချစ်သလို ကောင်းကင်ဘုံ၌ရှိတော်မူသောအဖနှင့် သူ၏သားတော် ယေရှုခရစ်တော်၏ မေတ္တာနှင့်စိတ်ရှည်ခြင်းကိုရှိရန် သင်နှင့်ကျွန်တော် ဗျာဒိတ်တော်ရရှိပါစေ။”၄

ပထမဥက္ကဋ္ဌအဖွဲ့၏ပထမအတိုင်ပင်ခံ ဥက္ကဋ္ဌ ဟင်နရီ ဘီ အိုင်ရင်းက “ကျွန်တော်ချစ်တဲ့သူများ အပြစ်ဖြေခြင်း၏တန်ခိုးတော်ကိုရှာဖွေပြီး ခံစားဖို့ ယုံကြည်ခြင်းဖြင့် ကျွန်တော်ဆုတောင်းခဲ့တယ်။ လူသားကောင်းကင်တမန်များသူတို့ကို လာကူညီဖို့ ယုံကြည်ခြင်းဖြင့် ကျွန်တော်ဆုတောင်းခဲ့တယ်။ ထို့နောက်သူတို့လာခဲ့တယ်။

“ဘုရားသခင်မှာ သူ့ရဲ့သားသမီးတစ်ယောက်စီတိုင်းကို ကယ်တင်ဖို့ ဖန်တီးထားသောနည်းလမ်းများရှိတယ်။”၅

### ထပ်၍ပေါင်းထည့်ထားသောကျမ်းချက်များနှင့်သတင်းအချက်အလက်များ

မဿဲ ၁၈း၁၂၊ အယ်လ်မာ ၃၁း၃၅၊ ၃ နီဖိုင်း ၁၃း၃၂၊ ယုံကြည်ခံယူချက်နှင့် ပဋိညာဉ်ကျမ်း ၁၂၁း၄၁-၄၂

### မှတ်ချက်များ

၁။ ဒီရတ်တာ အက်ဖ် ဥဒ္ဒေါ့၊ “ကယ်တင်ခြင်းခံရသူများ၏ချီးမွမ်းခြင်း”၊ လီယာဟိုနာ၊ မေလ ၂၀၁၆၊ ၇၉။

၂။ လင်ဒါ ကေ ဘာတွန်၊ စာရာ ဂျိန်း ဝီဟာတွင်၊ “ညီအစ်မ ဘာတွန်၊ ညီအစ်မ ဝုစ်ဖွန် အသင်းတော်၏ ပစိဖိတ်ဒေသအား လည်ပတ်ခြင်း”၊ အသင်းတော်သတင်း၊ ဧပြီလ ၂၊ ၂၀၁၃။

၃။ *အသင်းတော်ဥက္ကဋ္ဌများ၏သွန်သင်မှုများ၊ ဂျိုးဇက် အက်ဖ် စမစ်* (၁၉၉၈)၊ ၂၅၄။

၄။ ဘရန့် အိတ်ချ် နယ်ဆန်၊ “ပျောက်သောသားအားစောင့်မျှော်ခြင်း”၊ လီယာဟိုနာ၊ မေလ ၂၀၁၅၊ ၁၀၃။

၅။ ဟင်နရီ ဘီ အိုင်ရင်း၊ “ကျွန်တော့်ရဲ့မြေးများသို့”၊ လီယာဟိုနာ၊ နိုဝင်ဘာလ ၂၀၁၃၊ ၇၁။

**ဒါကိုစဉ်းစားဆင်ခြင်ပါ။**

ဧဝံဂေလိအခြေခံသဘောတရားအတိုင်း အသက်မရှင်ချင်သောသူများကိုမေတ္တာပြဖို့ ကျွန်တော်တို့ဘယ်လိုရှေ့ဆက်ရမလဲ။

© ၂၀၁၇ မှတ်ပုံတင်ပြီးမူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန်ပြည်ထောင်စုတွင် ပုံနှိပ်ထုတ်ဝေသည်။ အင်္ဂလိပ်ဘာသာခွင့်ပြုချက်: ၆/၁၆၊ ဘာသာပြန်ခွင့်ပြုချက် ၆/၁၆၊ ၉၇၉၃၀ ၀၀၀ အားဘာသာပြန်ထားခြင်း။